နောက်ဆက်တွဲ (က)

## HANA ECO ENERGY LIMITED မှ အကောင်အထည်ဆောင်ရွက်မည်ဖြစ်သော အမှိုက်ကျင်းထွက်ဓါတ်ငွေ့ စုဆောင်းသန့်စင်မီးရှို့ခြင်းနှင့် လျှပ်စစ်ထုတ်ယူခြင်းစီမံကိန်း (Landfill Gas Recovery Project ) ၏ စီမံကိန်းအကြောင်းအရာ

၁။ HANA ECO ENERGY LIMITED မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မြောက်ဘက် (၁၀) ကီလိုမီတာအကွာရှိ ကြာနီကန်အမှိုက်ကျင်းတွင် အမှိုက်ကျင်းထွက်ဓါတ်ငွေ့ စုဆောင်းသန့်စင်မီးရှို့ခြင်းနှင့် လျှပ်စစ်ထုတ်ယူခြင်းစီမံကိန်း ( Landfill Gas Recovery Project ) အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုမ္ပဏီ၏ နိဝင်ဘာလ ပေးပို့စာအမှတ် (၂၀၁၁/ ၀၀၁) စာအမှတ်ဖြင့် တင်ပြခဲ့သည့်အပြီးသတ် EMP ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** HANA ECO ENERGY Co.Ltd ၊No. 800~801, (2C)၊ ကုန်းဘောင်လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖြစ်ပါသည်။

၃။ **စီမံကိန်း၏ အစိတ်အပိုင်းများ။** အဆိုပြုစီမံကိန်းသည် (၇) ဟက်တာ ကျယ်ဝန်းပြီး အမှိုက်ကျင်းထွက်ဓာတ်ငွေ့(LFG) စုဆောင်းခြင်းစနစ်၊ အမှိုက်ကျင်းထွက်ဓါတ်ငွေ့ (LFG) များကို မီးရှို့သန့်စင်ခြင်းစနစ်နှင့် အမှိုက်ကျင်းထွက်ဓာတ်ငွေ့ (LFG) မှလျှပ်စစ်ထုတ်လုပ်ခြင်းစနစ် စသည့် အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကြာနီကန်အမှိုက်ကျင်းမှထွက်ရှိသော မိသိန်းဓာတ်ငွေ့များ လောင်ကျွမ်းခြင်းမှထွက်ရှိလာသည့် အမှိုက်ကျင်းထွက်ဓါတ်ငွေ့ (LFG) ဖြင့် Generator အားလည်ပတ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ၅၀၀ ကီလိုဝပ် ထုတ်လုပ်သောစီမံကိန်းဖြစ်ပါသည်။ ဓာတ်အားထုတ်လုပ်မှုစက်ရုံကို ကြာနီကန်အမှိုက်ကျင်း၏ ပိတ်သိမ်းထားသောနေရာများတွင် တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ပြီး ဓာတ်ငွေ့စုဆောင်းရန် ပိုလီအီသိုင်းလင်း (HDPE) ပိုက်ပေါင်း ၁၁၂ ခုအား ဒေါက်လိုက်အနေထားဖြင့် တူးသွင်းတပ်ဆင်သွားမည်ဖြစ်ပါသည်။ စီမံကိန်းတွင်ဓါတ်ငွေ့မှုတ်ထုတ်စက်၊ အစိုဓာတ်ဖယ်ရှားသည့်စက်၊ အကာအကွယ်ပါသည့် မီးရှို့စနစ်၊ ဂျင်နေရင်တာစက်ရုံများပါရှိမည်ဖြစ်ပါသည်။ ၅၀၀ Nm$^3$/hr မီးရှို့သန့်စင်စက်နှင့် ၅၀၀ ကီလိုဝပ် ဂျင်နေရင်တာတစ်စုံရှိ၍ မီးရှို့ဖျက်စီးစွမ်းရာခိုင်နှုန်းမှာ ၉၈% မှ ၁၀၀% ကြား ဖြစ်ပါသည်။

၄။ **ကုန်ကြမ်းပစ္စည်းနှင့် စက်ပစ္စည်းများ။** ကြာနီကန်အမှိုက်ကျင်းသည် အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ မဟာအောင်မြေခရိုင်မှ အမှိုက်များအား လက်ခံသိမ်းဆည်းမည်ဖြစ်ပြီး ဓာတ်အားထုတ်လုပ်မှုစက်ရုံကို ကြာနီကန်အမှိုက်ကျင်း၏ ပိတ်သိမ်းထားသောနေရာများတွင် တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ပြီး ဓာတ်ငွေ့စုဆောင်းရန် ပိုလီအီသိုင်းလင်း (HDPE) ပိုက်ပေါင်း

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ HANA ECO ENERGY LIMITED မှ နိုဝင်ဘာလ ပေးပို့စာအမှတ် (၂၀၁၁/၀၀၁) စာအမှတ်ဖြင့် တင်ပြလာသည့် EMP တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** စီမံကိန်းတွင် အမှိုက်ကျင်းထွက်ဓာတ်ငွေ့ (LFG) စုဆောင်းခြင်းစနစ်၊ အမှိုက်ကျင်းထွက်ဓါတ်ငွေ့ (LFG) များကို မီးရှို့သန့်စင်ခြင်းစနစ်နှင့် အမှိုက်ကျင်းထွက်ဓာတ်ငွေ့ (LFG) မှလျှပ်စစ်ထုတ်လုပ်ခြင်းစနစ်စသည့် အဆင့်(၃)ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကြာနီကန်အမှိုက်ကျင်းမှထွက်ရှိသော မိသိန်းဓာတ်ငွေ့များ လောင်ကျွမ်းခြင်းမှထွက်ရှိလာသည့် အမှိုက်ကျင်းထွက်ဓါတ်ငွေ့ (LFG) ဖြင့် Generator အားလည်ပတ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ၅၀၀ ကီလိုဝပ် ထုတ်လုပ်သော စီမံကိန်းဖြစ်ပါသည်။ ဓာတ်အားထုတ်လုပ်မှုစက်ရုံကို ကြာနီကန်အမှိုက်ကျင်း၏ ပိတ်သိမ်းထားသောနေရာများတွင် တပ်ဆင်တည်ဆောက်သွားမည်ဖြစ်ပြီး ဓာတ်ငွေ့စုဆောင်းရန် ပိုလီအီသိုင်းလင်း (HDPE) ပိုက်ပေါင်း ၁၁၂ ခုအား ဒေါက်လိုက်အနေထားဖြင့် တူးသွင်းတပ်ဆင်သွားမည်ဖြစ်ပါသည်။ စီမံကိန်းတွင် ဓါတ်ငွေ့မှုတ်ထုတ်စက်၊ အစိုဓာတ်ဖယ်ရှားသည့်စက်၊ အကာအကွယ်ပါသည့်မီးရှို့စနစ်၊ ဂျင်နေရင်တာ စက်ရုံများပါရှိမည်ဖြစ်ပါသည်။ ၅၀၀ Nm$^3$/hr မီးရှို့သန့်စင်စက်နှင့် ၅၀၀ ကီလိုဝပ် ဂျင်နေရင်တာတစ်စုံဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေး နှင့် ဖန်လုံအိမ်ဓာတ်ငွေ့ဆိုင်ရာ စီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် ထွက်ရှိလာသော ဖုန်မှုန့်များနှင့် လေထု ညစ်ညမ်းမှုများကိုထိန်းချုပ်ရန် သင့်လျော်သော အစီအစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) လုပ်ငန်းလည်ပတ်ဆောင်ရွက်နေစဉ် ကြိုတင်ကာကွယ်ထိန်းချုပ် တိုင်းတာမှုများနှင့် အရည်အသွေးကောင်းမွန်သော (HDPE) ပိုက်လိုင်းများအသုံးပြု၍ ဓာတ်ငွေ့ယိုစိမ့်မှုကို ကာကွယ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ နိုင်ငံတကာ အလေ့အကျင့်ကောင်းများဖြင့် ကာကွယ်ထိန်းသိမ်းခြင်း၊ LFG အတွက် နည်းပညာများစုစည်း၍ လုပ်ငန်းခွင်တွင်လက်တွေ့အသုံးချ၍ ညစ်ညမ်းမှုကို လျှော့ချခြင်းနှင့် ပစ္စည်းကိရိယာများပြုပြင်ထိန်းသိမ်းခြင်း မှတ်တမ်းများထားရှိရန်။

(ဃ) **ရေအရည်အသွေးနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် ဓာတုပစ္စည်းများ၊ ဆီနှင့်ချောဆီများယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းများ မတော်တဆဖြစ်ပေါ်ပါက ဘေးကင်းမြန်ဆန်စွာ ဆောင်ရွက်ခြင်း၊ ရေဆိုးရေနုတ်မြောင်းစနစ်ဖြင့် သင့်လျော်သောအစီအစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်စဉ်ကာလတွင် ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းမရှိစေရေး ဆောင်ရွက်ခြင်း၊ အမှိုက်နှင့် ရေဆိုးစနစ်တကျ စီမံခန့်ခွဲမှု လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ မြေအောက်ရေ အသုံးပြုရာတွင် ကန့်သတ်ထားရှိ၍စောင့်ကြည့်ခြင်း၊ လျှော့ပါးစေရေးနည်းလမ်းများအားဆောင်ရွက်ခြင်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(င) **မြေအရည်အသွေး/မြေဆီလွှာ/မြေအသုံးချမှု/မြေမျက်နှာသွင်ပြင်(မြေကျွံမှု)စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင်ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းမရှိစေရေး ဆောင်ရွက်စေရန်နှင့် မတော်တဆယိုဖိတ်ခြင်းဖြစ်ပေါ်ပါက မှတ်တမ်းများထားရှိဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်စဉ်ကာလတွင် အန္တရာယ်ရှိသောပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် ပုံမှန်စစ်ဆေးခြင်း၊ ဓာတုပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများ ယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းမရှိစေရေး စနစ်တကျကိုင်တွယ်ခြင်း ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ခြင်းနှင့် အန္တရာယ်ရှိသောစွန့်ပစ္စည်းများ စွန့်ပစ်ရာတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုကုမ္ပဏီ (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ရန်။

(စ) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် ဆူညံသံနှင့် တုန်ခါမှုလျော့နည်းစေရန် ဆူညံသံသက်သာသောစက်ယန္တရားများကို ရွေးချယ်အသုံးပြုရန်၊ ယာဉ်များအား နေ့အချိန်တွင်သာသွားလာစေခြင်းဖြင့် ဆူညံမှုလျှော့ချရန်နှင့် Sensitive နယ်မြေအတွင်း ဆူညံမှုမဖြစ်စေရေးရှောင်ရှား ဆောင်ရွက်ရန်၊

(၂) စီမံကိန်းလည်ပတ်စဉ်ကာလတွင် (LFG ) စက်ရုံ၏ ဓါတ်ငွေ့မှုတ်ထုတ်စက်၊ အစိုဓာတ်ဖယ်ရှားသည့်စက်၊ အကာအကွယ်ပါသည့်မီးရှို့စနစ်၊ ဂျနေရင်တာစက်များအား အသံနှင့်တုန်ခါမှုလျော့နည်းစေသည့် နည်းပညာများဖြင့် ဆောင်ရွက်ရန်၊ ယာဉ်များအား နေ့အချိန်တွင်သာ သွားလာစေခြင်းဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သော ပစ္စည်းများရွေးချယ်အသုံးပြုရန်၊ လိုအပ်သည်ထက်ပစ္စည်းများအပိုမှာယူခြင်းမပြုလုပ်ရန်၊ တိုက်ရိုက်စွန့်ပစ်မှုအား မဆောင်ရွက်ရန်၊ အမှိုက်များစီမံခန့်ခွဲရာတွင် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ လိုက်နာစွန့်ပစ်ရန်၊

(၂) စီမံကိန်းလည်ပတ်စဉ်ကာလ အန္တရာယ်ရှိသောပစ္စည်းများ စွန့်ပစ်ရာတွင် စနစ်တကျကိုင်တွယ်ခြင်း၊ သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများစွန့်ပစ်ရာတွင် စီမံခန့်ခွဲမှုကုမ္ပဏီ (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်ခြင်း စသည်တို့အား ဆောင်ရွက်ရန်။

(၄) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ကတိကဝတ်တွင်ဖော်ပြချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၃) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ် (USD 1000)ကို လျာထားသုံးစွဲရန်၊

(၂) စီမံကိန်းအဆိုပြုသူမှ CSR လုပ်ငန်းများအတွက် အမြတ်ငွေ၏ (၂) ရာခိုင်နှုန်းကို လျာထားသုံးစွဲရန်၊

(၃) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု၏ (၂) ရာခိုင်နှုန်းကို လျာထားသုံးစွဲရန်။

(ဃ) **လုပ်ငန်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဖျက်သိမ်းမည့်အစီအစဉ်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ လုံခြုံရေးအားအလေးထားရန်၊ LFG ဖြိုဖျက်သည့်အချိန်တွင် ဖုန်မှုန့်နှင့် ညစ်ညမ်းမှုထိန်းချုပ်တိုင်းတာရန်နှင့် ဖုန်မှုန့်များ လေထုအတွင်းပျံ့လွင့်မှုမရှိစေရန် ထိန်းချုပ်ရေးစက်ကိရိယာများအသုံးပြုခြင်း ၊ စွန့်ပစ်ပစ္စည်းများမီးရှို့ဖျက်စီးမှုမရှိစေရေးနှင့် အဖြစ်အပျက်များကို Site Manager သို့ သတင်းပို့ခြင်းများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းဖျက်သိမ်းမည့်အစီအစဉ်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ လုံခြုံရေးအားအလေးထားရန်၊ LFG ဖြိုဖျက်ရာတွင် ဆူညံသံလျှော့ချနိုင်မည့် နည်းပညာများအသုံးပြုရန်၊ ညအချိန် သယ်ယူသည့်အချိန်တွင်လည်း ဆူညံမှုမရှိစေရေးသေချာစွာဆောင်ရွက်ရန်နှင့် ဆူညံသံတိုင်းတာမှု လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်၊

(၃) စီမံကိန်းဖျက်သိမ်းမည့်အစီအစဉ်တွင် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့ လုံခြုံရေးအားအလေးထားဆောင်ရွက်ရန်၊ LFG ဖြိုဖျက်ရာတွင်ဓာတုပစ္စည်းများနှင့် အမှိုက်များဆေးကြောသန့်ရှင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းကြောင်းသေချာစေရန်၊ ဆီနှင့်ချောဆီများယိုဖိတ်ခြင်း၊ ယိုစိမ့်ခြင်းများ

(၁၇) စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင် လိုက်နာဆောင်ရွက်မှုဆိုင်ရာ သက်သေခံလက်မှတ် သက်တမ်း (၅) နှစ်အတွင်း ထိတွေ့ဝန်းကျင်လေ အရည်အသွေး တိုင်းတာမှုရလဒ်များကိုစုစည်း၍ ထိုကာလအတွင်း ပြောင်းလဲမှုများကို ပညာရပ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုများနှင့် ဝေဖန်ပိုင်းခြားမှုများနှင့်အညီ ဆန်းစစ်သုံးသပ်ပြီး ဝန်ကြီးဌာနသို့ သီးခြားအစီရင်ခံစာတစ်ခုအနေဖြင့် သက်သေခံလက်မှတ် သက်တမ်းတိုးမည့်အချိန်တွင် အစီရင်ခံတင်ပြရန်၊

(၁၈) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းပတ်ဝန်းကျင်အား ကိုယ်စားပြုသည့် မိုးလေဝသအချက်အလက်များကို စီမံကိန်းတည်ရှိရာနေရာ၌ တိုင်းတာကောက်ယူရယူပြီး (အနည်းဆုံး (၁) နှစ်စာ အချက်အလက်များ) ရရှိပြီးနောက်တွင် ပတ်ဝန်းကျင်လေအရည်အသွေးအား ခန့်မှန်းတွက်ချက်သည့် Simulation Model အား လုပ်ဆောင်၍ ၎င်းရလဒ်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနထံသို့ ပြန်လည်တင်ပြရန်၊

(၁၉) ၎င်း Simulation Model အား အသုံးပြု၍ အဆိုပြုစီမံကိန်းမှ ထုတ်လွှတ်သော အခိုးအငွေ့များကြောင့် ညစ်ညမ်းမှုပမာဏအများဆုံး (Maximum Concentration of Pollutants from Emissions of Power Plant) ရောက်ရှိနိုင်သောအနီးပတ်ဝန်းကျင်နေရာများကို ဖော်ထုတ်ရမည်။ ထိုရလဒ်များအပေါ်အခြေခံ၍ ထိတွေ့ဝန်းကျင် လေထုအရည်အသွေး (Ambient Air Quality) ထပ်တိုးတိုင်းတာရမည့် နေရာများကို လိုအပ်သလို သတ်မှတ်ဖော်ထုတ်၍ ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းများဆောင်ရွက်ရာတွင် ထပ်တိုးတိုင်းတာမှုများ ဆောင်ရွက်ရန်၊

(၂၀) စီမံကိန်းမှ ထုတ်လွှတ်အခိုးအငွေ့များကြောင့် ဖြစ်ပေါ်လာသော ညစ်ညမ်းမှုသည် ထိတွေ့ဝန်းကျင်လေထုအရည်အသွေး လမ်းညွှန်ချက်များ သို့မဟုတ် စံချိန်စံညွှန်းများ၏ သတ်မှတ်ချက်များအတိုင်းရှိနေစေရေး ဆောင်ရွက်ရန်၊

(၂၁) ပုံမှန်စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်များအနေဖြင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ) တွင်ပါရှိသည့် အခိုးအငွေ့ထုတ်လွှတ်မှု လမ်းညွှန်ချက်အရ သတ်မှတ်ထားသည့် ပါရာမီတာများအား မီးခိုးခေါင်းတိုင်၌ ပုံမှန်တိုင်းတာခြင်း (Periodically Air Emission Monitoring) လုပ်ငန်းများ ဆောင်ရွက်ရာတွင်

စက်ရုံပုံမှန်လည်ပတ်သည့် အခြေအနေများအား ကိုယ်စားပြုနိုင်သည့် အချိန်တွင်သာတိုင်းတာရမည်ဖြစ်ပြီး တိုင်းတာရာတွင် နိုင်ငံတကာမှအသိမှတ်ပြုထားသည့် နည်းလမ်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ တိုင်းတာဆောင်ရွက်ရန်၊

(၂၂) မီးခိုးခေါင်းတိုင်တွင် နှစ်စဉ်ထပ်မံသီးခြားတိုင်းတာသည့် တိုင်းတာချက် ရလဒ်များ (Periodically Air Emission Monitoring Results) နှင့် မီးခိုးခေါင်းတိုင်၏ ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ် (CEMS) မှ တိုင်းတာရရှိလာသောရလဒ်များကို တိုက်ဆိုင်စစ်ဆေးပြီး စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတွင်ထည့်သွင်းဖော်ပြရန်၊

(၂၃) Gas Flaring Facility ရှိ ခေါင်းတိုင်မှ အဆိပ်အတောက်ဓာတ်ငွေ့များ (ဥပမာ Dioxins ၊ furans) ထွက်ရှိနိုင်မှုအား စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အား စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြရန်၊

(၂၄) ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့် စနစ် (Continuous Emission Monitoring System) လည်ပတ်ရာတွင် တစ်နာရီတိုင်း မှတ်တမ်း ရယူခြင်း (Hourly Record-keeping)၊ ပုံမှန်စံကိုက်ညှိမှုလုပ်ငန်း (Carlibration) များဆောင်ရွက်ခြင်း၊ အရည်အသွေးထိန်းချုပ်မှုနှင့်အာမခံချက်များ (Quality Control and Assurance) စစ်ဆေးခြင်းလုပ်ငန်းများအားဆောင်ရွက်ရန်၊

(၂၅) ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ်၏ လည်ပတ်နိုင်မှုအခြေအနေအား သိရှိနိုင်ရန်အတွက် အောက်ဖော်ပြပါအချက်အလက်များအား မှတ်တမ်းတင်ပြုစုထိန်းသိမ်းထားရှိရန်-

(ကက) စံကိုက်ညှိမှုလုပ်ငန်း (Carlibration) မှတ်တမ်းများ

(ခခ) ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း (Maintenance) မှတ်တမ်းများ

(ဂဂ) စက်ယန္တရားချွတ်ယွင်းမှု (Equipment Fault) မှတ်တမ်းများ

(ဃဃ) စက်ယန္တရား လက်စွဲစာအုပ် (Manual) များ

(ငင) လုပ်ထုံးလုပ်နည်းစံသတ်မှတ်ချက်များ (Standard Operation Procedures of CEMS)

(၂၆) ထုတ်လွှတ်အခိုးအငွေ့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ် (CEMS) မှ အချက်အလက်များသည် ဤပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (ECC) ပါ လေထုအတွင်းသို့ ထုတ်လွှတ်မှုသတ်မှတ်စံနှုန်းများထက် ကျော်လွန်မှုရှိပါက စီမံကိန်းအဆိုပြုသူသည် "လေထုအတွင်း ပိုမိုထုတ်လွှတ်မှု အစီရင်ခံစာ" (Air Emission Exceedence Report) အား ပြင်ဆင်၍ မန္တလေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ လစဉ်တင်ပြရမည့် (၆) လ တကြိမ်ရလဒ်များကိုစုစည်း၍ ဝန်ကြီးဌာနသို့ စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြရန်၊

(၂၇) ၎င်း "လေထုအတွင်း ပိုမိုထုတ်လွှတ်မှု အစီရင်ခံစာ" (Air Emission Exceedence Report) တွင် အောက်ပါအချက်အလက်များအား ပါဝင်လျက် ဖော်ပြရန်-

(ကက) ပိုမိုထုတ်လွှတ်ခဲ့သည့် အကြိမ်အရေအတွက်များ၊ ထုတ်လွှတ်ခဲ့သည့် ပမာဏများ၊

(ခခ) ထုတ်လွှတ်သည့် အပိုင်းအခြား၊ နေ့ရက်၊ အချိန်အစရှိသည့် အသေးစိတ်အချက်အလက်များ၊

(ဂဂ) ပိုမိုထုတ်လွှတ်ရသည့် အကြောင်းပြချက်များ၊

(ဃဃ) နောင်တွင် ပိုမိုထုတ်လွှတ်မှုမဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ။

(၂၈) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စီမံကိန်းမစတင်မီ အနီးပတ်ဝန်းကျင် ရေအရည်အသွေးအခြေအနေကို အခြေခံအဖြစ် ထည့်သွင်းစဉ်းစား၍ အနီးပတ်ဝန်းကျင် ရေထုအားညစ်ညမ်းမှု ရှိ၊ မရှိအား စောင့်ကြပ်ကြည့်ရှုရန်၊

(၂၉) ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပြင် အောက်ဖော်ပြပါ ကိစ္စရပ်များဖြစ်ပွားပါက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရန်-

(ကက) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များမှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

